International Growth Centre

သီလဂါ အထူးစီးပွားရေးဇုန် လေ့လာဆန်းစစ်မှု

မူဂါဒ အနှစ်ချုပ် အစီရင်ခံစာ

- သီလဂါ အထူးစီးပွားရေးဇုန် အတွင်းရှိ စက်ရုံများတွင် ဖေဖော်ဂါရီ ၁ရက်၊ ၂၀၁၈ ခုနှစ်အထိ အလုပ်အကိုင် ၅၀၀၀ ခန့် ဖန်တီးပေးနိုင်ခဲ့သည်။
- ဇုန်အတွင်းရှိ အလုပ်သမားများအတွက် အရေးကြီးဆုံး အကျိုးကျေးဇူးမှာ အလုပ်အကိုင်မှ အသိပညာနှင့် ကျွမ်းကျင်မှုရရှိခြင်း ဖြစ်ပါသည်။ ၄င်းအကျိုးကျေးဇူးများသည် မန်နေဂျာများတွင် ပို၍အရေးပါပြီး အခြားစက်မှုဇုန်များရှိ ကုမ္ပဏီများသို့ ပြောင်းရွှေ့ လုပ်ကိုင်ခြင်းဖြင့် အထူးစီးပွားရေးဇုန်မှ ကျန်ရှိသည့် မြန်မာ့စီးပွားရေးတစ်ခုလုံးကို အကျိုးရှိနိုင်သည်ဟု အကြံပြု တင်ပြအပ်ပါသည်။
- အသိပညာစီးဆင်းမှု ပိုမိုမြင့်တင်နိုင်ရန် ဇုန်အနေဖြင့် ပြည်တွင်းစွမ်းဆောင်ရည်ရှိသူများ (အထူးသဖြင့် မန်နေဂျာများ)ကို ဆွဲဆောင်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများကို ကူညီပေးနိုင်ပါသည်။ ထိုကဲ့သို့ ပြုလုပ်ရန် ပြည်တွင်းမန်နေဂျာများ၏ သဘောသဘာဝနှင့် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည့် ကျွမ်းကျင်မှုများ မည်သို့ ကိုက်ညီမည်ကို ပိုမိုနားလည်ရန် လိုအပ်ပါသည်။ ထို့အပြင် ဇုန်မှ အဆင့်မြင့် ကျွမ်းကျင်လုပ်သားများ ဆွဲဆောင်ရန် မူဂါဒများနှင့် မန်နေဂျာများ အတွက် အလုပ်အကိုင် တွဲဖက်ပေးသည့် ဝန်ဆောင်မှုကိုလည်း အကောင်အထည်ဖော် လုပ်ဆောင်သင့်ပါသည်။
- ကျန်ရှိသောစိန်ခေါ်မှုများမှာ -
  သီလဂါအထူးစီးပွားရေးဇုန်ပြင်ပရှိ ပြည်တွင်းကုမ္ပဏီများမှ ထုတ်လုပ်သည့်ကုန်ကြမ်းများ အသုံးချမှုမှာ အတော်နည်းပါး လျက်ရှိပါသည်။ ထို့ကြောင့် သီလဂါဇုန်ပြင်ပလုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်ကြမ်း အသုံးပြုနိုင်မှု တိုက်ရိုက် အကျိုးကျေးဇူးမှာ ရေတိုကာလတွင် နိမ့်ကျနေပါသည်။ စားသောက်ကုန်လုပ်ငန်းမှ လွဲလျှင် ပြည်တွင်းလုပ်ငန်းများသည် နိုင်ငံခြား

DIRECTED BY LSE UNIVERSITY OF OXFORD
FUNDED BY UKaid from the British people

ကုမ္ပဏီများကို ကုန်ကြမ်း ထောက်ပံ့ပေးနိုင်ခြင်း မရှိပါ။ အထက်ပါ အခက်အခဲများ အတွက် မူဂါဒ စီမံကိန်းများ မလုပ်ဆောင်မီကာလတွင် ပြည်တွင်း၌ အလားအလာ ရှိသည့် ထုတ်လုပ်သူများကို နိုင်ငံခြားကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်ပါသည်။

- အချိန်ကြာရှည်စွာ သွားလာရခြင်းနှင့် ဇုန်အတွင်း အဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှု မရှိခြင်းသည် စွမ်းဆောင်ရည်ရှိသော လုပ်သားများကို ဆွဲဆောင်နိုင်ရန် အခက်အခဲများ ဖြစ်နေပါသည်။ ဤအချက်သည် ကုမ္ပဏီများအတွက် လုပ်ငန်းတိုးချဲ့ရန် အခက်အခဲများအဖြစ် ကျန်ရှိနေနိုင်ပါသည်။
- အရည်အသွေးပြည့်မီသော ကိန်းဂဏန်းအချက်အလက်များ ကောက်ခံခြင်းဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို တိုင်းတာရန်နှင့် ဖွံ့ဖြိုးမှုအတွက် အပေါင်းလက္ခဏာဆောင်သည့် အချက်များကို မြှင့်တင်ပေးနိုင်ရန်သာမက မြန်မာနိုင်ငံ၏အခြားဒေသ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်ဖန်တီးမှု မြှင့်တင်ပေးနိုင်သည့် သင်ခန်းစာများကို လေ့လာရန်လည်း အရေးတကြီး ကျန်ရှိနေပါသည်။

၁။ နိဒါန်း

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များသည် မူဂါဒချမှတ်သူများ အတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် တွန်းအားဖြစ်စေနိုင်သည့် ရည်မှန်းချက်အဖြစ် စိတ်ဝင်စားမှု မြင့်တက်လျက် ရှိပါသည်။ သို့သော်လည်း ရည်မှန်းချက်များကို အောင်မြင်နိုင်ရန် အလို့ငှာ အကျိုးဖြစ်ထွန်းစေမှုများကို မည်ကဲ့သို့ ညှိနှိုင်းလုပ်ဆောင်ရမည့် အသိပညာ နည်းပါးနေပါသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် လက်ရှိ ရှိနေသော အထူးစီးပွားရေးဇုန်များမှ အကျိုးကျေးဇူးများကို အထောက်အထားဖြင့် လေ့လာရန် အလွန်အရေးကြီး ပါသည်။ ယခု စာတမ်းသည် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (IGC) နှင့် သီလဝါ အထူးစီးပွားရေးဇုန် ကော်မတီ (TSMC) တို့ ပူးပေါင်း ဆောင်ရွက်ကာ သီလဝါ အထူးစီးပွားရေးဇုန် တိုးတက်မှု အခြေအနေများနှင့် အကျိုးကျေးဇူး သက်ရောက် မှုများကို အကြံပြုတင်ပြခြင်း ဖြစ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်သည် ရန်ကုန်မြို့ အရှေ့တောင်ပိုင်း ကီလိုမီတာ ၂၀ အကွာ တည်ရှိပြီး ၂၅၀၀ ဟက်တာ ကျယ်ဝန်းပါသည်။ ဇုန်ဖွံ့ဖြိုးတိုးတက်မှုကို မြန်မာနိုင်ငံအစိုးရနှင့် ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ပူးပေါင်းကာ မြန်မာ၊ ဂျပန် ပုဂ္ဂလိက အစုအဖွဲ့များနှင့် အတူ အကောင်အထည်ဖော် လုပ်ဆောင် လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့ပြီး စက်တင်ဘာ ၂၀၁၅ တွင် လုပ်ငန်း စတင်လည်ပတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး အကောင်အထည်ဖော်သည့် အထူးစီးပွားရေးဇုန် ဖြစ်သည့်အတွက် စီးပွားရေး အကျိုးကျေးဇူး မည်ကဲ့သို့ ရရှိစေနိုင်သည်ကို လေ့လာ ဆန်းစစ်ခြင်းနှင့် အခြားသော စက်မှုဇုန်များ၊ ကျယ်ပြန့်သော စီးပွားရေးအတွက် မူဂါဒအမျိုးမျိုး ချမှတ်စမ်းသပ်ရန် ထူးခြားသည့် အကောင်းဆုံး အခွင့်အလမ်းများ ရှိနေပါသည်။

IGC ၏ သုတေသနသည် စစ်တမ်းကောက်ယူ မေးမြန်းခြင်း နည်းလမ်းများဖြင့် အထူးစီးပွားရေးဇုန် ကော်မတီ (TSMC) နှင့် ပူးပေါင်းကာ လုပ်ငန်းအဆင့်နှင့် အလုပ်သမားအဆင့် စစ်တမ်းများကို အခြေခံပါသည်။ ၎င်းစစ်တမ်းများတွင် ကုန်ထုတ်လုပ်နိုင်မှု စွမ်းရည်၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်ဖြန့်ဖြူးရေးကွင်းဆက် အသေးစိတ် အချက်အလက်များ၊ အလုပ်သမားများ၏ ဂိသေသ လက္ခဏာများ၊ လုပ်ခလစာများ၊ ယခင်/ယခု အလုပ်အကိုင်များ၊ သွားလာရေးပုံစံ၊ ဇုန်အတွင်း အလုပ်လုပ်ကိုင်ရာတွင် အခက်အခဲများ အကျိုးကျေးဇူးများ စသည်တို့ ပါဝင်ပါသည်။ ထို့အပြင် လုပ်ငန်းများ၏ အလုပ်လုပ်ကိုင်မှု ၃လ အစီအရင်ခံစာများမှ ပြည်တွင်းအလုပ်သမားနှင့် နိုင်ငံခြားအလုပ်သမားအချိုး အပြင် ဇုန်အတွင်း အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ အလုပ်အကိုင်ရရှိမှု ပုံစံများပါ သိရှိနိုင်ပါသည်။

၂။ အလုပ်အကိုင် ဖန်တီးနိုင်မှု

သီလဝါ အထူးစီးပွားရေးဇုန်၌ ၂၀၁၈ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် လည်ပတ်နေသော လုပ်ငန်း ၃၈ ခု မှ အလုပ်သမားများအတွက် အလုပ်အကိုင် ၅၀၀၀ ဖန်တီးပေးနိုင်သည်ဟု ခန့်မှန်းရပါသည်။ ရုပ်ပြ ၂-၁ တွင် လုပ်ငန်း အရွယ်အစားအလိုက် ဖြန့်ကျက်ထားမှုကို စုစုပေါင်းအလုပ်သမားများဖြင့်

ဖော်ပြထားပါသည်။ ကျယ်ပြန့်သော စီးပွားရေးဂန်းကျင်မှ လုပ်ငန်းအရွယ်အစားများကို ခြုံငုံမိနိုင်ရန် နှိုင်းယှဉ်မှုအနေဖြင့် ၂၀၁၆ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံလုပ်ငန်းများ စစ်တမ်း[1]ဖြင့် လေ့လာဆန်းစစ်ထားပြီး အဂါရောင် ဘားတန်းသည် လုပ်ငန်းအရွယ်အစားကို ကိုယ်စားပြုထားပါသည်။

အထူးစီးပွားရေးဇုန်များမှ လုပ်ငန်းများသည် ပုံမှန်အားဖြင့် အခြားစက်မှုဇုန်များမှ လုပ်ငန်းများထက် အလုပ်သမား အရေအတွက် ပိုမို များပြားနေပါသည်။

ရုပ်ပြ ၂-၁ လုပ်ငန်းအရွယ်အစားအလိုက်ဖြန့်ကျက်နေမှု



Source: Quarterly Employment Reports and 2016 World Bank Enterprise Survey

ရင်းမြစ်၊ ဥလပတ် အလုပ်သမားအစီအရင်ခံစာနှင့် ၂၀၁၆ ကမ္ဘာ့ ဘဏ်လုပ်ငန်းစစ်တမ်း

သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်နေသော လုပ်ငန်းများသည် ကင်းလွတ်ဇုန်နှင့် လုပ်ငန်း မြှင့်တင်ရေးဇုန်များတွင် လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ကင်းလွတ်ဇုန်သည် ထုတ်လုပ်မှု၏ ဂ၅ ရာခိုင်နှုန်းကို ပို့ကုန် အဖြစ်လုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်ပြီး၊ လုပ်ငန်းမြှင့်တင်ရေးဇုန်သည် ပြည်တွင်းဈေးကွက် အတွက် အဓိက ဂန်ဆောင်မှု ပေးရပါသည်။ ၂၀၁၄ ခုနှစ် မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေတွင် ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များသည် လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကို ပထမ ၇ နှစ် သို့မဟုတ် ၅ နှစ် အသီးသီးခံစားရမည် ဖြစ်ပါသည်။ ဒုတိယပြင် ရင်းနှီးမြှုပ်နှံသူများ သည် ပြည်ပမှ တင်သွင်းလာသော အခြေခံအဆောက်အအုံများနှင့် ကိုယ်ပိုင်ရုံးခန်းများ တည်ဆောက်ရန် လိုအပ်သည့်

[1] ၂၀၁၆ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ လုပ်ငန်းစစ်တမ်း (WBES)သည် အလ္ဘာခွဲကျပန်းနမူနာ ကောက်နည်းကို ရွေးချယ်အသုံးပြုခဲ့သည်။ စစ်တမ်းတွင် အလ္ဘာခွဲကျပန်းရွေးချယ်မှုကို စက်ရုံ၊ အရွယ်အစား၊ ဒေသအလိုက် ရွေးချယ်သတ်မှတ်ခဲ့သည်။ WBES တွင် ကောက်ယူထားသော စာရင်းသည် မြန်မာနိုင်ငံလုပ်ငန်း အမျိုးအစားများကိုသာ ကိုယ်စားပြုပါသည်။

လုပ်ငန်းသုံး ပစ္စည်းများအတွက် အကောက်ခွန် နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့် ရရှိမည် ဖြစ်ပါသည်။ ကင်းလွတ်ဇုန်တွင် အကောက်ခွန်များ၊ ပြည်ပမှ တင်းသွင်းသော ကုန်ကြမ်း အပါအဝင် ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါသည်။

ရုပ်ပြ ၂-၂ တွင် အကြီးစား လျှပ်စစ်ပစ္စည်း နှင့် အထည်ချုပ် လုပ်ငန်းများသည် ကင်းလွတ်ဇုန်တွင် အလုပ်အကိုင် အခွင့်အလမ်း အများဆုံး ဖန်တီးပေးနိုင်သည်ကို တွေ့ရပါသည်။ ပျမ်းမျှ အလုပ်သမား အရေအတွက်သည် ကင်းလွတ်ဇုန်တွင် ၂၅၀ လုပ်သားရှိပြီး လုပ်ငန်းမြှင့်တင်ရေးဇုန်တွင် ၅၀ လုပ်သား ၀န်းကျင်ရှိပါသည်။ ကွာဟချက်မှာ ဇုန်များတွင် အထူးပြုလုပ်ငန်းများ မတူညီခြင်းကြောင့် ဖြစ်ပါသည်။ အလုပ်သမား အရေအတွက်များစွာဖြင့် လုပ်ကိုင်နေသော အထည်ချုပ်လုပ်ငန်း ကဲ့သို့သော အကြီးစားလုပ်ငန်းများကို ကင်းလွတ်ဇုန်တွင် အများအပြားတွေ့ရှိရပါသည်။

ရုပ်ပြ ၂-၂ လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု



ရင်းမြစ်၊ IGC လုပ်ငန်းစစ်တမ်း

၃။ ဇုန်အတွင်း အလုပ်လုပ်ကိုင်ခြင်း၏ အကျိုးကျေးဇူးများ - အသိပညာ ပျံ့နှံ့မှုများ

အထူးစီးပွားရေးဇုန်၏ အကျိုးကျေးဇူးတစ်ခုမှာ နိုင်ငံခြားကုမ္ပဏီများမှ ပြည်တွင်းကုမ္ပဏီများသို့ အသိပညာ စီးဆင်းခြင်း (၀၊) အသိပညာ ပျံ့နှံ့ မှု ဖြစ်ပါသည်။

အသိပညာ ပျံ့နှံ့မှုများ မည်သို့ ဖြစ်ပေါ်နိုင်စေသနည်း။ အသိပညာ စီးဆင်းမှု အဓိက လမ်းကြောင်းတစ်ခုမှာ လုပ်သား ရွှေ့ပြောင်းလုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အထူးစီးပွားရေးဇုန်များ အတွင်းရှိ နိုင်ငံခြားကုမ္ပဏီများတွင် ခေတ်မီနည်းပညာများ အသုံးချနိုင်သည့်အတွက် ပြည်တွင်း မန်နေဂျာများနှင့်

အလုပ်သမားများအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု တိုးတက်လာနိုင်ပါသည်။ ထိုအလုပ်သမားများသည် ပြင်ပဖုန်များသို့ ပြောင်းရွှေ့ခြင်း၊ အခြားပြည်တွင်းလုပ်ငန်းများ၊ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ တို့တွင် လုပ်ကိုင်ခြင်းဖြင့် ကျွမ်းကျင်မှုနှင့် အသိပညာသည် နိုင်ငံအဂန်း ပျံ့နှံ့ စေနိုင်ပါ သည်။

အထူးစီးပွားရေးဇုန်အတွင်း သီလဝါ အကျိုးကျေးဇူး သက်ရောက်မှု မည်မျှ ကြီးမားပါသနည်း။ ရုပ်ပြ ၃-၁ သည် အထူးစီးပွားရေးဇုန်တွင် အလုပ်သမားများ၏ အဓိက အကျိုးကျေးဇူး အမျိုးအစားများ ဖြေကြားမှုကို ဖော်ပြထားပါသည်။ စစ်တမ်းများတွင် လုပ်သားများအတွက် အဓိက အကျိုးကျေးဇူးမှာ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအသစ်များ သင်ယူနိုင်ခြင်း ဖြစ်ပါသည်ဟု ဖြေကြားထားပါသည်။ ဒုတိယ အရေးကြီးဆုံး အကျိုးကျေးဇူးမှာ အလုပ်နှင့်နီးခြင်း ဖြစ်ပါသည်။ စစ်တမ်းများအရ လုပ်သားအများစုသည် ဇုန်အနီးတဝိုက် ဒေသများမှ ငှားရမ်းထားသည့်အတွက် စစ်တမ်းအဖြေမှာ ပကတိ အခြေအနေနှင့် ကိုက်ညီပါသည်။

ရုပ်ပြ ၃-၁ အလုပ်သမားများအတွက် အဓိကအကျိုးကျေးဇူးများ



ရင်းမြစ်၊ IGC အလုပ်သမားစစ်တမ်း

ရုပ်ပြ ၃-၂ တွင် ရာထူးအဆင့်အလိုက် သင်ယူရရှိသည့် ကျွမ်းကျင်မှု အမျိုးအစားများကို ဖော်ပြထားပါသည်။ မန်နေဂျာများနှင့် စက်ရုံအလုပ်သမားများ၏ ဖြေဆိုမှုများသည် သိသာထင်ရှားစွာ ကွဲပြားနေပါသည်။ ခန့်မှန်းခြေအရ မန်နေဂျာ ၆၂ ရာခိုင်နှုန်းသည် လူစွမ်းအား အရင်းမြစ်စီမံခန့်ခွဲမှုကို အဓိက သင်ယူရရှိသည်ဟု ဖြေဆိုထားပါသည်။ မန်နေဂျာများသည် ဘဏ္ဍာရေးနှင့် စာရင်းကိုင် ကျွမ်းကျင်မှု အဆင့်မြှင့်နိုင်ခဲ့ပြီး စက်ရုံလုပ်သား ၂၅ ရာခိုင်နှုန်းနှင့် ရုံးဝန်ထမ်း ၂၀ ရာခိုင်နှုန်း တို့သည်လည်း အထက်ပါ ကျွမ်းကျင်မှုများကို သင်ယူလေ့လာလျက် ရှိသည်ဟု ဖြေဆိုကြပါသည်။ ကျွမ်းကျင်မှုများ လေ့လာနိုင်ခြင်းသည် အဓိက အသိပညာစီးဆင်းစေသော အကျိုးကျေးဇူးဟု ယူဆပါက အသိပညာ စီးဆင်းမှုနှင့် လုပ်ငန်းခွင် အကျိုးဖြစ်ထွန်းစေနိုင်ခြင်းကို မန်နေဂျာ အဆင့်တွင် လုပ်ကိုင်နေသော ဝန်ထမ်းများနှင့် နောက်ထပ် လေ့လာမှုများတွင် လေ့လာခြင်း ဖြင့် အတိအကျ

သိနိုင်မည်ဟု အကြံပြုပါသည်။

ရုပ်ပြ ၃-၂ ရာထူးအဆင့်အလိုက် သင်ယူရရှိသည့် ကျွမ်းကျင်မှုအမျိုးအစားများ



ရင်းမြစ်၊ IGC အလုပ်သမားစစ်တမ်း

၄။ ပြည်တွင်းထုတ် ကုန်ကြမ်းနှင့် ပြည်တွင်းကုမ္ပဏီများ၏ ဝန်ဆောင်မှုများကို အသုံးပြုမှု နည်းပါးခြင်း

ဈေးမှ အကျိုးကျေးဇူးများ ဖြစ်စေနိုင်သည့် အခြား နည်းလမ်းတစ်ခုမှာ အထူးပြုဈေး နှင့် အထူးပြုဈေးပြင်ပမှ လုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်ပြီး တစ်စိတ်တစ်ပိုင်းကုန်ချောပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုသည် သိသာသော အချက်ဖြစ်ပါသည်။ ပိုမိုခေတ်မီသော နည်းပညာ အသုံးပြုသည့် စက်ရုံများ၊ အရည်အသွေး ပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်ရုံများ၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုပုံစံရှိသည့် စက်ရုံများနှင့် ချိတ်ဆက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းလုပ်ငန်းများသည် မည်ကဲ့သို့ စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက် ရမည်ကို လေ့လာနိုင်ပါသည်။

ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်သည် အထူးပြုဈေးရှိ စက်ရုံများသို့ ကုန်ကြမ်းများ ဖြည့်ဆည်း ပေးခြင်းဖြင့် ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သော်လည်း၊ လက်ရှိ ပြည်တွင်းထုတ် ကုန်ကြမ်းရင်းမြစ် အသုံးချမှုမှာ အလွန်တရာ နည်းပါးနေပါသည်။ ရုပ်ပြ ၄-၁ တွင် ပြည်တွင်းထုတ် ကုန်ကြမ်း ကုန်ကျစရိတ် ရာခိုင်နှုန်းမှာ လုပ်ငန်းမြှင့်တင်ရေးဈေးတွင် ၂၀ ရာခိုင်နှုန်းအောက်နှင့် ကင်းလွတ်ဈေးတွင် ၁၀ ရာခိုင်နှုန်းအောက် ရှိနေပါသည်။ အထူးစီးပွားရေးဈေးတွင် ပြည်တွင်းထုတ်ကုန်ကြမ်း အသုံးချနိုင်မှု နည်းပါးခြင်းသည် သီးခြားကဏ္ဍ အလိုက် ဖြစ်တည်ခြင်းမရှိပါ။ သို့သော် အစားအသောက်လုပ်ငန်းများတွင် ပျမ်းမျှ ၅၀ ရာခိုင်နှုန်းသည် ပြည်တွင်းထုတ် ကုန်ကြမ်းကို အသုံးပြုခဲ့ပါသည်။

ရုပ်ပြ ၄-၁ ပြည်တွင်းထုတ် ကုန်ကြမ်းအသုံးပြုမှု ရာခိုင်နှုန်း



ရင်းမြစ်၊ IGC လုပ်ငန်းစစ်တမ်း

လုပ်ငန်းများတွင် ပြည်တွင်းကုမ္ပဏီများ၏ ဂန်ဆောင်မှုကို အသုံးပြုခြင်းသည်လည်း နည်းပါးလျက် ရှိပါသည်။ အဓိက ဂန်ဆောင်မှု ခုနှစ်ခု ဖြစ်သည့် (အိုင်တီ၊ လျှပ်စစ်ဆိုင်ရာ ထိန်းသိမ်းရေး ၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ကိရိယာ တန်ဆာပလာ ပြုပြင်ထိန်းသိမ်းရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပိုးမွှားထိန်းချုပ်ရေး) စသည့် ဂန်ဆောင်မှုများအတွက် သီလဝါ အထူးပြုဇုန်ရှိ လုပ်ငန်းများ၏ ၁၀ မှ ၃၀ ရာခိုင်နှုန်းကသာ ပြည်တွင်းလုပ်ငန်းများကို အသုံးပြုပါသည်။

၅။ ဇုန်အတွင်းရှိ အလုပ်သမားများအတွက် စိန်ခေါ်မှုများ

ရုပ်ပြ ၅-၁ တွင် သီလဝါ အထူးစီးပွားရေးဇုန်၌ လုပ်ကိုင်နေသော အလုပ်သမားများမှ ဖြေကြားထားသည့် အဓိက စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။ အချိန်ကြာမြင့်စွာ သွားလာရခြင်း သည် မန်နေဂျာများအတွက် အဓိက အခက်အခဲ ဖြစ်ပါသည်။ ရုပ်ပြ ၅-၂ တွင် ၆၅ ရာခိုင်နှုန်းသော မန်နေဂျာများသည် တစ်နေ့လျှင် ၂ နာရီအထက် သွားလာနေရသည်။ အဆင်ပြေချောမွေ့စေသည့် ဂန်ဆောင်မှုများ မရှိခြင်း (ဥပမာ- စားသောက်ဆိုင်များ၊ စတိုးဆိုင်များ မရှိခြင်းသည်) သီလဝါ အထူးစီးပွားရေး ဇုန်တွင် အလုပ် လုပ်ကိုင်မှုများကို အဓိက အခက်အခဲများ ဖြစ်စေပါသည်။

ရုပ်ပြ ၅-၁ အလုပ်သမားများမှ ဖြေကြားထားသော အဓိက စိန်ခေါ်မှုများ



ရင်းမြစ်၊ IGC အလုပ်သမားစစ်တမ်း

ရုပ်ပြ ၅-၂ ရာထူးအဆင့်အလိုက် သွားလာရသည့် ကြာချိန်



ရင်းမြစ်၊ IGC အလုပ်သမားစစ်တမ်း

၆။ ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများ

IGC ၏ သီလဂါ အထူးစီးပွားရေးဇုန် သုတေသနပေါ် အခြေခံ၍ ပြည်တွင်းစီးပွားရေးအတွက် အသိပညာ အကျိုးကျေးဇူးများ အားပေး လှုံ့ဆော်နိုင်ရန်၊ သီလဂါ အထူးစီးပွားရေးဇုန်မှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်းနှင့် မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြင့် လုပ်ဆောင်ရန် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် အကြံပြုတင်ပြအပ်ပါသည်။

မန်နေဂျာများ၏ သဘောသဘာဝနှင့် စီမံခန့်ခွဲမှု အကျိုးကျေးဇူးများကို နားလည်နိုင်ရန်

ကောင်းမွန်သော လုပ်ငန်းကျင့်ထုံးများသည် လုပ်ငန်းစွမ်းဆောင်ရည်ဖြစ်သော ကုန်ထုတ်လုပ်မှု မြင့်မားလာခြင်း၊ အကျိုးအမြတ် ရရှိနိုင်ခြင်း၊ လုပ်ငန်းရပ်တည်နိုင်မှု စသည့်အချက်များနှင့် အခိုင်အမာ ဆက်စပ်နေပါသည်။ ထို့ကြောင့် ဇုန်အတွင်းရှိ ရာထူးမြင့်နှင့်ရာထူးလတ် မန်နေဂျာများမှ သင်ယူရရှိသည့် ကျွမ်းကျင်မှုများသည် နိုင်ငံ၏ ယှဉ်ပြိုင်မှု တိုးတက်လာစေပြီး မြန်မာ့စီးပွားရေးအတွက် အကျိုးကျေးဇူး ယိုဖိတ်မှု အဓိကအရင်းအမြစ် ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ထိုကဲ့သို့သော အကျိုးကျေးဇူးများကို မည်သို့ မြှင့်တင်ပေးနိုင်သည်ကို နားလည်နိုင်ရန် အလို့ငှာ - ကုမ္ဂဏီများမှ ရှာဖွေနေသည့် မန်နေဂျာများ၏ သဘောသဘာဝကို နားလည်နိုင်ရန် သာမက မန်နေဂျာများသည် ခေတ်မှီကျွမ်းကျင်မှုများ မည်သို့ လေ့လာနေသည်ကို နားလည်ရန် အရေးကြီးပါသည်။

ကျွမ်းကျင်လုပ်သားများ ဆွဲဆောင်နိုင်မည့် မူဂါဒများ

ရာထူးမြင့်နှင့် ရာထူးလတ် မန်နေဂျာများသည် သီလဂါ အထူးစီးပွားရေးဇုန်မှ မြန်မာနိုင်ငံအတွင်း အခြား ကျန်ရှိသည့် စီးပွားရေး ဝန်းကျင်တစ်ခုလုံးကို အသိပညာ စီးဆင်းစေမည့် အဓိက အရင်းအမြစ် ဖြစ်နိုင်ပါသည်။ ကျွမ်းကျင်လုပ်သားများ ဆွဲဆောင်ရန် အလို့ငှာ- ဇုန်အတွင်းရှိ အလုပ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ အချိန်ကြာမြင့်စွာ သွားလာရခြင်းနှင့် ဇုန်အတွင်း အဆင်ပြေ ချောမွေ့စေသည့် ဝန်ဆောင်မှုများမရှိခြင်း စသည့်အချက်များကို ဖြေရှင်းရန် အရေးကြီးသည်။ အထက်ပါ အချက်များမှ သွားလာမှု အဆင်ပြေရေးနှင့် ဇုန်အတွင်း အဆင်ပြေချောမွေ့စေမည့် ဝန်ဆောင်မှုများကို ဦးစားပေး လုပ်ဆောင်သင့်ပါသည်။ အခြားအလေးပေး မူဂါဒများအနေဖြင့် နေထိုင်ရေး အတွက် အိမ်ရာများ စီစဉ်ပေးရေး မူဂါဒကိုလည်း အကောင်အထည်ဖော် လုပ်ဆောင်သင့်ပါသည်။

အလုပ်အကိုင် တွဲဖက်ပေးသည့် ဝန်ဆောင်မှု ဖွံ့ဖြိုးလာစေရန်

IGC သုတေသန ဖော်ပြချက်များအရ ၅၅ ရာခိုင်နှုန်း မန်နေဂျာများသည် အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများမှ တဆင့် အလုပ်အကိုင် ရရှိခဲ့ကြပါသည်။ လုပ်ငန်းများနှင့် ကိုက်ညီသည့် အလုပ်သမားများ ပံ့ပိုးနိုင်ရန် အထူးစီးပွားရေးဇုန်မှ အလုပ်အကိုင် တွဲဖက်ပေးသည့် ဝန်ဆောင်မှုကို လုပ်ဆောင်ပေးနိုင်ပါသည်။ ထိရောက်သည့် ဝန်ဆောင်မှုပလက်ဖောင်း တည်ဆောက်ရန်မှာ လုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အရည်အသွေးပြည့်မီမှုကို အခိုင်အမာ စစ်ဆေးခြင်း သာမက အလားအလာရှိသော လုပ်ငန်းများ၏ သဘောသဘာဝကိုလည်း သိရှိနိုင်ရန် လိုအပ်ပါသည်။ IGC ၏ အထူးစီးပွားရေးဇုန်နှင့် သီလဂါ ပြင်ပဇုန်များတွင် နောက်ထပ်ပြုလုပ်မည့် စစ်တမ်းများ၌

ဤအချက်ကို ထည့်သွင်း လုပ်ဆောင်မည် ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်တွင် ကျွမ်းကျင်လုပ်သား လိုအပ်မှု မြင့်မားလာခြင်းကို ထည့်သွင်းစဉ်းစားလျက် အလားအလာရှိသော လုပ်သားများနှင့် လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ် နည်းပါးစွာ အလုပ် ရှာဖွေပေးနိုင်ခြင်းဖြင့် (အလုပ်အကိုင် တွဲဖက်ပေးသည့် ဝန်ဆောင်မှုသည် ကျွမ်းကျင်အဆင့် မန်နေဂျာများကို ဇုန်အတွင်းသို့ ဝင်လာနိုင်ခြင်း) ကို မြှင့်တင်ပေးနိုင်ပါသည်။

ပြည်တွင်းထုတ်ကုန်ကြမ်းနှင့် ပြည်တွင်းကုမ္ပဏီများ၏ ဝန်ဆောင်မှုများကို အသုံးပြုရန် မြှင့်တင်ပေးခြင်း

အထူးစီးပွားရေးဇုန်ဖြင့် အောင်မြင်နေသည့် နိုင်ငံများဖြစ်သော တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား နိုင်ငံများကို ကြည့်ပါက အထူးစီးပွားရေးဇုန်မှ လုပ်ငန်းများသည် ပြည်တွင်းဈေးကွက်နှင့် ချိတ်ဆက်ကာ ဇုန်ပြင်ပတွင်လည်း အလုပ်အကိုင် ဖန်တီးပေးနိုင်သည်သာမက လုပ်ငန်းကွင်းဆက်မှ အသိပညာနှင့် နည်းပညာ အကျိုးကျေးဇူးများကိုလည်း လျင်မြန်စွာ ပြန့်နှံ့စေပါသည်။ ရေတိုကာလတွင် သွင်းကုန် ချိတ်ဆက်မှုသည် ပြည့်ဝစွာ အသုံးချနိုင်မှု မရှိသေးပါ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ဈေးကွက်တွင် ကုန်ကျစရိတ်နည်းပြီး အရည်အသွေးပြည့်မီသည့် ပြည်တွင်းလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ စိန်ခေါ်မှုများ ရှိနေသော်လည်း ဇုန်အတွင်းရှိ လုပ်ငန်းများ ပြည်တွင်းထုတ် သွင်းကုန်များ၊ ပြည်တွင်းကုမ္ပဏီများ၏ ဝန်ဆောင်မှုများကို အသုံးပြုရန် အားပေးသည့် စနစ်တကျ ချမှတ်ထားသော မူဂါဒများကို ရေရှည်တွင် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ပါသည်။